ဓမ္မဒါန ကုသိုလ်ရှင်

ဦးအောင်မြင့် (အမှုဆောင်အင်ဂျင်နီယာ-ငြိမ်း)

ဒေါ်ခင်ဆွေဦး (အမှုဆောင်အင်ဂျင်နီယာ)

မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း

သား မောင်အောင်ချမ်းမြေ့ (MPE)

မိသားစု ကောင်းမှု

နတ်ရွာသာဓုခေါ် စေသော်



ရန်ကင်းတောင်စာစဉ်

# သူတော်ကောင်းတို့ ပျော်စံရာ တောမြိုင်မဟာ

အရှင်ဒေဝနန္ဒ (ရန်ကင်းတောရ) သမြုပ်

# သူတော်ကောင်းတို့ ပျော်စံရာ တောမြိုင်မဟာ

တောတောင်၏ သဘာဝ ဆိတ်ငြိမ်မှုသည် ပင်လျှင် ပျော်မွေ့ဖွယ် ဖြစ်နေပေသည်။ အစိမ်းရောင်၊ အစိမ်းနုရောင်၊ အစိမ်းရင့်ရောင်၊ စိမ်းဝါရောင်၊ စိမ်းပြာရောင်နှင့် အပြာနုရောင် တောတန်း တောင်တန်းနှင့် တစ်စပ်တည်းကျသော ကောင်းကင်တို့သည်လည်းကောင်း၊ ဆည်းဆာ၏ ရှုခင်းအလှတို့သည်လည်းကောင်း၊ ရှုမငြီးအောင် ကျယ်ပြန့်သော ခန့်ညားထည်ဝါသော သဘာဝ ပန်းချီကားချပ်ပမာတည်း။

ကျေးငှက်သာရကာတို့၏ ဘာသာဘာဝ အော်မြည် တွန်ကျူးသံများလည်း သဘာဝတေးဂီတပမာ နားသောတဆင်၍ မငြီးနိုင်အောင် အံ့မခန်းဖွယ် ရှိပေတော့သည်။

တောတောင်၌ လေပြည်လေညင်းသည် တဖြူးဖြူး တသုန်သုန်ဖြင့် ရပ်တန့်သည်ဟူ၍ မရှိတတ်ပေ။ တောပန်းများ၊ တောအသီးရိုင်းများလည်း အချို့ကပွင့်လျက်၊ အချို့ကသီးလျက်၊ အချို့က ရင့်လျက်၊ အချို့က ကြွေကျမြေခနေသည်လည်း ရှိနေပါသည်။ ကျေးငှက်သာရကာ တိရစ္ဆာန်ငယ်များစွာတို့သည်လည်း လွတ်လပ်စွာ ပြေးလွှားပျံသန်း ဆော့ကစားနေကြပါသည်။

မြို့ရွာဂါမနှင့်ကား လားလားမျှမတူပေ။ တောထဲ၌ ကြက်တူရွေးရှိသည်။ သို့သော် လှောင်ချိုင့် မရှိပေ။ တော၌ ချိုးငှက် ရှိပါသည်။ သို့သော် ငှက်အိမ် မရှိပေ။ ရှဉ့်ရှိသည်။ ခါး၌ ကြိုးချည် မထားပေ။

ကျေးငှက်သာရကာ များစွာရှိသော်လည်း ချုပ်ချယ်ကန့်သတ်ကာ ပိုက်ကွန်ယက်ဖြင့် အုပ်မိုး ကာရံထားခြင်းကား မရှိပေ။

တော၏ အလယ်၌ ကွေ့ကောက်စီးဆင်းနေသော ချောင်းထဲ၌ ငါးမျိုးစုံရှိလေသည်။ ကျောက်စိုင်ကျောက်တုံးများကြား၌ လွတ်လပ်စွာဖြင့် ပြေးလွှား

ဆော့ကစားနေကြသည်။ ငါးထဲ့ထားသည့် ဖန်ပေါင်း ချောင်၊ ဖန်ကန်မရှိပေ။ ၎င်းတို့သည် ချောင်းငယ်မှသည် မြစ်သို့လည်းကောင်း၊ မြစ်ငယ်မှသည် မြစ်ကြီးသို့ လည်းကောင်း၊ မြစ်ကြီးတို့မှသည် ပင်လယ် သမုဒ္ဒရာသို့ တိုင် လွတ်လပ်စွာ ကူးခပ်သွားနိုင်သည်သာ။

တောထဲ၌ ချုပ်ချယ်မှုကင်းသည်။ ကန့်သတ်မှု၊ ဟန့်တားမှု တစ်စုံတစ်ရာ မရှိသောကြောင့် ပကတိ လွတ်လပ်မှုသည်သာ စိုးမိုးလေသည်။

ထို့ကြောင့် ထိုတောတောင်တို့သည် ဘုရားရှင် အစ ရှေးရှေးသူတော်ကောင်းတို့၏ မြတ်နိုးရာဌာန လည်းဖြစ်ပေသည်။

## **တောရဂုံ**

**လုမ္ဗနီအင်ကြင်းတော**၏ အလယ်၌ ဗုဒ္ဓ အလောင်းအလျာ သိဒ္ဓတ္ထမင်းသားကို (ဘီစီ-၆၂၄)ခု တွင် ဖွားမြင်တော်မူလေသည်။

(ဘီစီ-၅၉၅) ခုတွင် နန်းစည်းစိမ်စွန့်၍ **ဥရုဝေလတော**ကိုမှီကာ ခြောက်နှစ်တာ ကာလပတ်လုံး

တရားရှာမှီးလေသည်။

**မိဂဒါဝုန်တော**၌ (ဘီစီ-၅၈၉)ခုတွင် ဓမ္မစကြာတရားဦးကို ဟောကြားတော်မူပြီး ဘုရားရှင်သည် တောရပ်၌ပင် ကြည်လင် ချမ်းမြေ့စွာ သီတင်းသုံးတော်မူခဲ့ပါသည်။

**ကုသိနာရုံအင်ကြင်းတော၌ပင်** (ဘီစီ-၅၄၄) ခုတွင် ခန္ဓာဇာတ်သိမ်း အနုပါဒိသေသနိဗ္ဗာန် စံဝင်တော်မူလေသည်။

ထို့ကြောင့် တောသည် ဗုဒ္ဓမြတ်စွာဘုရားရှင်နှင့်တကွ ရှေးရှေးသူတော်ကောင်း သူတော်မြတ်လောင်းတို့ စံမြန်းရာဌာနကြီးဟု ဆိုရခြင်းဖြစ်ပါသည်။

သို့သော် ဤမည်သော မြတ်နိုးဖွယ်ရာ တောဝနာဌာနကြီးထဲ၌ နေထိုင်သော ယောဂီသည် ရံခါ တော၏လှည့်စားခြင်းနှင့် ခြောက်လှန့်ခြင်းကို ခံနေရတတ်သည်။ ရံခါ ကိလေသာ၏ ခြောက်လှန့် လှည့်စားခြင်းကိုခံရပြီး ရံခါ၌လည်း လူတို့၏ခြောက်လှန့်ခြင်းတို့ကိုသာ အခါခါ ခံနေရတော့သည်။

တော၏ ခြောက်လှန့် လှည့်ဖြားမှုကား အားကြီးလှသည်ဟု ခံစားရပါသည်။ အကြောင်းမှာ တောတောင်၏ ခြောက်လှန့်မှုကြောင့် ကြက်သီး မွေးညင်းထကာ တုန်လှုပ်မိတတ်သော်လည်း အခြား ခြောက်လှန့်မှုတို့ကား ပရိယာယ်ပင် ကြွယ်၍လော. . .၊ သိမ်မွေ့အားကြီး၍လော. . .၊ မာယာများကာ အလှည့်စားသန်လွန်း၍လော. . . မသိ။ ယောဂီသည် လှည့်ဖြားခံနေရသည်ကိုပင် ရံခါ မေ့ကာ နမော်နမဲ့ ဖြစ်နေမိတတ်လေသည်။

**မြူတမျှသော ကိလေသာ၏ လှည့်စားမှုကား သံသရာ တစ်နံတစ်လျား ရှည်လျားစေနိုင်ကြောင်း**ကို ယောဂီ မသိမဟုတ်၊ သုတအားဖြင့် သိပါသည်။

တောတောင်၏ လှည့်ဖြား၍ ခြောက်လှန့်မှုကား အဆုံးစွန် တတ်နိုင်ပါလျှင် ဆွမ်းတစ်နပ်၊ ရေတစ်မှုတ် မသုံးဆောင်၊ မဘုဉ်းပေးရုံမျှသာ ဖြစ်နိုင်စွမ်းသည်ကိုလည်း ယောဂီ နားလည်သည်သာ။

ကိလေသာသည် အလှည့်ဖြား အားသန်လှပါသည်။ မိမိ သန္တာန်၌ မကိန်းသေးသည့် ကုသိုလ်တရားစုကို ကိန်းပြီးသယောင် ပြုတတ်သည်။ မရသေးသည့် တရားကိုလည်း ရနေသယောင် ဟန်ဆောင်ခိုင်းတတ်သည်။ မျက်မှောက်မပြုရသေးသော တရားကို မျက်မှောက်ပြုပြီးသယောင်အထိ ကိလေသာက စွမ်းနိုင်လေသည်။

တစ်ဖန် မိမိသန္တာန်၌ရှိနေသော အကုသိုလ်တရားကိုမူ မရှိသယောင် ဖုံးအုပ်နိုင်စွမ်းပေသည်။

ဤသို့ မရှိသည်ကိုရှိသယောင် ရှိနေသည်ကို မရှိသယောင် လှည့်ဖြားနိုင်သော ကိလေသာကို ရန်သူဟု မြင်နိုင်ရန်မှာမူ အခက်အခဲ ရှိနေပါသေးသည်။

ယောဂီသည် မိမိခန္ဓာ သက္ကာယနှင့် ဆွေရင်းပမာ တစ်သားတည်းပြုကာ နေနိုင်ခြင်းသည် ကိလေသာမာယာတော၏ လှည့်စား ခြောက်လှန့်ခြင်းကြောင့်ပင် ဖြစ်ပေတော့သည်။

## လှည့်ဖြားခံရခြင်း

ကမ္မဋ္ဌာန်းကျောင်းသည် ပကတိ တိတ်ဆိတ်ကာ အမှောင်ထုက ဖုံးလွှမ်းထားပါသည်။ ယောဂီသည် ကမ္မဋ္ဌာန်း အာရုံပြုနေသည်။ အတန်ကြာသောအခါ မျက်လုံးထဲ၌ အလင်းရောင်များ စူးရှတောက်ပနေသည်ကို သတိပြုမိလာပါသည်။

အရောင်အလင်းများက တည်မြဲ တည်နေသောကြောင့် ပရိဘာဂနိမိတ်ပင်လောဟု ယောဂီ ဆင်ခြင်မိလေသည်။

ယောဂီသည် စိတ်အားတက်လာပါသည်။ ထို့ကြောင့် သဒ္ဓါ၊ ဝီရိယတိုးကာ ကြိုးစားရှုပွားနေတော့သည်။ အချိန်ကာလသည် မိနစ်မှသည် နာရီများသို့ တိုင်လေပြီ။ အလင်းရောင်ကား မပြောင်းလဲပေ။ ယခင် လင်းမြဲအတိုင်း လင်းသည်ကို သိရသဖြင့် တရားတိုးလာမှုရှိလာ၍ ယောဂီ သဘောကျနေသည်။

စိတ်ထဲစူးစမ်းဆင်ခြင်ကာ သဘောကျနေမိသည့်တိုင် အရောင်လင်းက မပျက်နိုင်အောင်ဘဲ ခိုင်မြဲ

နေတော့သဖြင့် ဥပစာရသမာဓိမှသည် အပ္ပနာသမာဓိ သို့ တိုင်လေပြီလောဟု ယောဂီ တွေးမိနေတော့သည်။

အချိန်ကား ညဥ့်နက်လေပြီ။ တရားက ကောင်းမြဲပင်။ ယောဂီသည် ဣရိယာပုထ်ပြောင်းရန် သင့်ပြီဖြစ်ကြောင်း နားလည်လိုက်သည်။ ထို့ကြောင့် မျက်လုံးကို အသာအယာ ဖွင့်လိုက်ရာတွင်မူ-

ရှေ့တည့်တည့် နံရံ၌ ချိတ်ထားသော သပိတ် အိတ်ပေါ်တွင် လက်သဲခွံမျှရှိသည့် အလင်းရောင် (တစ်လုံး) တွေ့ရသည်။ ထို အလင်းရောင်ကြောင့် သပိတ်အိတ်၏ကြိုးကိုပင် မြင်နေရသဖြင့် အံ့အားသင့်မိ သည်။ ရံခါ လင်းခြည်မှိတ်ခြည် ဖြစ်နေပါသည်။

ယောဂီမျှော်လင့်ထားသော တရားသဘော၏ အရောင် အလင်းမဟုတ်ဘဲ မမျှော်လင့်ထားသော မျက်စိရှေ့ သပိတ်အိတ်ပေါ်၌ ကပ်နေသည့် တော သဘာဝ၏ သဘောပါတကား။

လှည့်ဖြားခံရပြီး လှည့်ဖြားမှုမှန်းမသိဘဲ သန်းခေါင်ကျော်လေပြီ။ လှည့်စားမှုကား အားသန် လှပေတကား. . .။

## မမြင်ရသော အသံရှင်

မိုးဖွဲနေသော်လည်း သစ်ရွက်များမှ ကျလာသော မိုးရေပေါက်၏အသံက ပကတိ မိုးထက်ကြီးသည်ဟု ထင်ရသည်။ နေ့အခါ၌ပင် တိတ်ဆိတ်မှုအားကြီးသော တောသည် ညဉ့်၏ အမှောင်ထုကြောင့် ချောက်ချားဖွယ် ဖြစ်နေပါသည်။

ကမ္ဗဋ္ဌာန်းကျောင်း၏ ပြင်ပနံရံကို လက်ဝါးဖြင့် ပုတ်သံ ကြားရသည်။ ဦးစွာ တစ်ချက်၊ နှစ်ချက်မှသည် ဆက်တိုက် ပုတ်နေသည်။ မဖြစ်စဖူးသော အသံပေတည်း။

ယောဂီသည် ထိုင်၍နားထောင်သည်။ ထို့နောက် ရပ်၍ နားထောင်သည်။ ခြေလှမ်းဖွဖွ နင်းကာ အတွင်းဘက်မှနံရံကို ကပ်၍ နားထောင်သည်။ အသံက မစဲ၊ ပုတ်နေဆဲ။ တစ်ပါးတည်း ဖြစ်သောကြောင့် တစ်စုံတစ်ဦး လာရောက်ကူညီရန် သို့မဟုတ် အကူအညီတောင်းရန် ဖြစ်နိုင်ဖွယ်မရှိပေ။ ခေါ်သံမကြားရသဖြင့် လူလည်း မဟုတ်နိုင်ရာပေ။

အန္တရာယ်ပြုနိုင်လောက်သော တိရစ္ဆာန်လည်း မဟုတ်တန်ရာပေဟု ဆင်ခြင်ကာ နှစ်တောင့်ထိုး ဓာတ်မီးဖြင့် ကျောင်းပြင် ထွက်သွားသည်။ အသံသည် တိတ်သွားပြီး အသံလာခဲ့ရာကို ခန့်မှန်းကာ ဓာတ်မီးထိုး ကြည့်သည်။

သိပ်သည်းသော အမှောင်ထုကြီးနှင့် မိုးဖွဲဖွဲ အောက်ရှိ ကမ္မဋ္ဌာန်းကျောင်းငယ် တစ်ကျောင်းနှင့် သစ်ပင်များသာ ရှိသည်။ ထို့ကြောင့် မေတ္တာကမ္မဋ္ဌာန်း ဆက်လက်ရှုပွားရာ၌သာ နေရပေတော့သည်။

## လိုက်ပြေးတမ်း ကစားနေသူ

ရံခါ ကမ္မဋ္ဌာန်းကျောင်းရှေ့ဝယ် စူးစူးရဲရဲ အော်ဟစ်သံကဲ့သို့ ကြားရတတ်သည်။ ရံခါ သစ်ရွက် ကြွေပေါ် ခြေဖွနင်းသံများကဲ့သို့ ကြားရတတ်သည်။ ရံခါ ကျောင်းခေါင်မိုးပေါ်၌ လိုက်ပြေးတမ်းကစားသကဲ့သို့ ကြားရပြီး ထွက်ကြည့်လိုက်လျှင် တောထဲ၌ ဘာမျှ မြင်ရသည်ဟူ၍ မရှိတတ်ပေ။

လူမဟုတ်သည်မှာ သေချာသည်။ အန္တရာယ်ပြုနိုင်လောက်အောင် ကြီးမားသည့် တောရိုင်းတိရစ္ဆာန်လည်း မဟုတ်နိုင်လောက်ပေ။ ထို့ကြောင့် ယောဂီတတ်နိုင်သည်မှာ မေတ္တာကမ္မဋ္ဌာန်း ရှုပွားရန်မှအပ ဆောင်ရွက်ဖွယ်ဟူ၍ ဉာဏ်ထဲ မထင်မြင်မိတော့ပေ။

## မာယာများသောတော

တောတောင်ထဲနေသော ယောဂီအဖို့ စကြံလမ်းဟူ၍ မည်မည်ရရ သီးခြားမရှိပေ။ တောတောင်ထဲ၌ လမ်းလျှောက်ခြင်းကပင် စကြံမည်ပေသည်။ တောထဲရှိ ခြေသွားလမ်း ကွေ့ကွေ့ကောက်ကောက် အတိုင်း နေထွက်ရာအရပ်ကို တူရှုလျှောက်သွားနေပါသည်။

ခရီးအတန်ငယ် ရောက်ပြီးဖြစ်သဖြင့် ဆင်ခြင်ကြည့်ရာ ယောဂီမျက်နှာမူ၍ စတင်ရာလမ်းကြောင်းသည် တောင်နှစ်လုံး၏ တစ်ဖက်၌ ကျန်ခဲ့တော့သည်။ မျက်နှာမူရာအရပ်သည်လည်း အရှေ့ မဟုတ်တော့ဘဲ မြောက်သို့ ဦးတည်နေသည်။

ယောဂီ မျက်စိလည်လေပြီ။ မြွေလိမ် မြွေကောက် လမ်းသည်ပင် အမွှာအမွှာ ခွဲထွက်နေသဖြင့် နေကိုပင် အရပ်မျက်နှာ သတ်မှတ်၍ လာရာလမ်းပြန်ခဲ့ပါသည်။ ခရီးသုံးဆခန့် ရှည်လျားသွားသည်။

ရံခါ ဤသို့ပင် မိုးချုပ်လျှင် ကောင်းကင်ကြယ် နက္ခတ်များ၏ လမ်းညွှန်မှုဖြင့် ပြန်ရတတ်သည်။ လ၏ အကူအညီဖြင့် လမ်းကလေးကို ရှာရတတ်ပါသည်။

တောတောင်သည်ယောဂီကို ဤသို့ပင် အမြဲတမ်း လှည့်ဖြားကာ မာယာများသော်လည်း ဤတောတောင် ကိုပင် ခင်မင်တွယ်တာ နေမိပေတော့သည်။

## လူများကလည်း ခြောက်လှန့်နိုင်သည်

ဆွမ်းခံအပြန်၊ တောထဲသို့အဝင်၊ ခြေသွား လမ်းကလေးပေါ်၌ ဖိနပ်ခြေရာများစွာ တွေ့ရှိရပါသည်။ ထို့ကြောင့် တောထဲသို့ အနယ်နယ်မှ လူများလာ သည်ဟု ယောဂီ နားလည်လိုက်ပါသည်။ ထိုထိုလူများ သည် အမျိုးမျိုး အထူးထူးအပြားပြားကို ပြုတတ်

ပေသည်။ ပုံ့သုကူပစ်သည်ဆိုကာ ခြေသွားလမ်း၌ သက်န်းထုပ်ထား၍ သစ်ပင်ချုံကြားမှ ချောင်းကြည့်ချင် ကြည့်နေတတ်သည်။

**အချို့ကား ကျောင်းထဲဝင်လာပြီး သင်္ကန်းစ ငယ်ကို တောင်းသည်။ အချို့ကား ဆံပင်ကို တောင်း သည်။ အချို့ကားအတိတ်၊ တဘောင်ကို တောင်း သည်။ အချို့ကား ကျောင်းဝန်းထဲမှ သစ်ရွက်ခြောက် ကို ကောက်ယူသည်။ သို့သော် ကမ္မဋ္ဌာန်းတောင်းသူ ကိုကား တွေ့ရခဲသည်။**

လူသည် ချီးမွမ်းလွယ်လွန်းသည်။ ကဲ့ရဲ့လည်း လွယ်လွန်းသည်။ သို့သော် လူ့မနောကို နားလည် ရန်ကား မလွယ်ပေ။ ထိုလူတို့သည် မွန်မြတ်သော ဆွမ်းဘောဇဉ်ကို လောင်းလှူကြသည်။ ရှဥ့်ကိုလည်း အစာကျွေးသည်။ ငါးကိုလည်း ငါးစာကျွေးသည်။ ခွေးအတွက်ဟုဆိုကာ ထမင်းများ ပုံထားတတ်သေး သည်။ သို့သော်-

ထိုနေ့ ထိုနေ့များ၌ အခါတိုင်းကဲ့သို့-
တောထဲတွင် ချိုးလည်း မကူဝံ့တော့ပါ။

ချေ(ဂျီ)လည်း မဟောက်ဝံ့တော့ပါ။

ရှဥ့်တို့လည်း သစ်ပင်အောက်ဆင်း၍ အစာ မစားဝံ့တော့ပါ။

ကျေးငှက်သာရကာတို့လည်း သီကျူး မဆိုဝံ့ တော့ပါ။

ရွာမှ လာနေကျ ခွေးပိန်သည်ပင် ဆွမ်းကျန် လာမစားဝံ့တော့ပါ။ ၎င်းတို့သည် လူတို့ကို အလွန် အမင်း ကြောက်ကြသည်ဟု ယောဂီထင်သည်။

နေမွန်းတိမ်းလေပြီ။

လူတို့ပြန်သွားကြပြီ။ သို့သော် ချိုးငှက်တို့သည် နားနေကျ သစ်ကိုင်းသို့ လာမနားသေးပါ။

ရှဥ့်လည်း သစ်ပင်အောက်သို့ မဆင်းသေးပါ။

ယောဂီ၏ စိတ်များလည်း ပျံ့လွင့်နေသဖြင့် ကမ္မဋ္ဌာန်း အာရုံသို့ မကပ်နိုင်သေးပါ။

ယောဂီကို ခြောက်လှန့်လှည့်ဖြားနိုင်လွန်းသော ထိုတောကို ယနေ့လူများက ခြောက်လှန့်နိုင်ပြီထင့်။

ကိလေသာမာယာတောကို ရင်ဆိုင်တိုက်ခိုက် နေရသော ယောဂီအဖို့ စစ်မြေပြင်တည်းဟူသော တောတောင်သည် မိမိအား မည်မျှပင်လှည့်ဖြားပါစေ၊

မည်မျှပင် ခြောက်လှန့်ပါစေ၊ မည်မျှပင် ခက်ခဲပါစေ၊ ယောဂီ မတုန်လှုပ်ပါဟု အားတင်းထားပါသည်။

ရှေးရှေးသူတော်ကောင်းတို့သည်လည်း တောမြိုင်ရဂုံကို ဤသို့ ချီးမွမ်းတော်မူခဲ့ပါသည်။ တောတို့မည်သည် မွေ့လျော်ဖွယ်ရာ ဖြစ်နေပါကုန်၏။ သို့ဖြစ်စေကာမူ ကာမဂုဏ်လိုလား, လူအများတို့သည် ယင်းတောများ၌ မမွေ့လျော်ကြချေ။ တပ်ခြင်းကင်းကွာ, ရဟန္တာမြတ်တို့သည် ကာမဂုဏ်ကို ရှာနေသူများ မဟုတ်ကြသည့်အတွက် ယင်းတောများ၌ မွေ့လျော်ကြပေလိမ့်မည်။

ဤရှေးအစဉ်အလာအရ ယောဂီသည် တောကိုပင် အမှီပြု၍ နေရသည်။ တော၏ဆိတ်ငြိမ်မှုကိုပင် မြတ်နိုးနေရသည်။ တော၏ ငြိမ်းချမ်းမှုကိုပင် ဂုဏ်ယူနေရသည်။

**ထို့ကြောင့် ထိုတောတောင်က လှည့်ဖြားသည့်တိုင် ကိလေသာရန်သူ၏ လှည့်ဖြားမှုကို မခံရသော တဒင်္ဂသည် ယောဂီအဖို့ အနိုင်ရသော တဒင်္ဂများပေတည်း။**

သတိတည်းဟူသော ခံကတုတ်၊ သမာဓိတည်းဟူသော လက်နက်၊ ဝီရိယတည်းဟူသော ဇွဲ၊ သတ္တိ၊ သဒ္ဓါတည်းဟူသော စိတ်ဓာတ်၊ ပညာတည်းဟူသော နည်းနိဿယ ပြည့်စုံမှုတသော တစ်ခဏသည် ကိလေသာ၏ မာယာကို ယောဂီ အောင်ပွဲဆင်ရမည့် တဒင်္ဂ မဟုတ်ပေလော။

## အောင်ပွဲ

ယောစ ဝဿသတံ ဇီဝေ,
ကုသီတော ဟီနဝီရိယော၊
ဧကာဟံ ဇီဝိတံ သေယျော,
ဝီရိယမာရဘတော ဒဠှံ။

ကာမဂုဏ်စသည်တို့ကို ကြံစည်ခြင်းဖြင့်သာ အချိန်ကုန်လွန်စေ၍ ပေါ့တန်ပျင်းရိ၊ လုံ့လမရှိသူ၏ နှစ်ပေါင်းတစ်ရာ အသက်ရှင်ရသည်ထက် ကိလေသာငြိမ်းအေးရန် ခိုင်မြဲစွာ အားထုတ်နေသူ၏ တစ်နေ့တစ်ရက် တစ်နံနက်မျှ အသက်ရှင်နေရခြင်းက ပိုလွန်မြင့်မြတ်လှပေသည်။

ထို့ကြောင့် ကိလေသာကို တဒင်္ဂတစ်ခဏတာမျှ နိုင်ခြင်း၏ ကောင်းကျိုးချမ်းသာကိုလည်းကောင်း၊ ကိလေသာ၏ လှည့်ဖြားမှု၌ ဆုံးရှုံးနစ်မွန်းခြင်း၏ ဆိုးကျိုးဆင်းရဲကိုလည်းကောင်း၊ ယောဂီသည် ဘဝ အတွေ့အကြုံ ပဋိပတ္တိအရလည်းကောင်း၊ စာပေ ပရိယတ္တိ အရလည်းကောင်း အတန်အသင့် နားလည်ထားပြီး ဖြစ်လေသည်။

ထို့ပြင် ရာသီအလိုက် နေသွားလမ်းကြောင်း ပြောင်းလဲပါသည်။ ရာသီအလိုက် နက္ခတ်တာရာများ လည်း ပြောင်းလဲပါသည်။ ရာသီအလိုက် တောထဲ၌ ကျေးငှက်သာရကာများလည်း ပြောင်းသွားသည်။ ထို့ကြောင့် ရာသီအလိုက် တော၌ ကျေးငှက်တို့၏ သီကျူးသံများလည်း ပြောင်းလဲတတ်သည်ကို တောအတွေ့ အကြုံများက သင်ကြားပေးလာပါသည်။

ထို့ကြောင့် သဘာဝတောတောင်၏ လှည့်ဖြား မှုကား အလွန်ရိုးစင်းပါသည်။ ကိလေသာ၏ လှည့်ဖြား မှုလောက် မနက်ရှိုင်းပါ။

**တော၏မာယာ**

ပကတိ မှောင်မည်းနေသော ညအခါကာလ၌ ပိုးစုန်းကြူးတို့၏ အရောင်သည် တောက်ပလွန်းနေတတ်သည်။ ကြီးမားသော တောက်တဲ့များသည် သားကောင်ကို ဖမ်းမိပြီးသော် နံရံကို အမြီးဖြင့် ရိုက်၍ ရိုက်၍ သတ်ပုတ်လေ့ရှိသည်။ မြွေကြီးများလည်း သားကောင်ကိုရစ်ပတ်၍ တိုက်ခိုက်သော အခိုက်တွင် လည်းကောင်း၊ ညဥ့်ငှက်များ၏ ဘာသာဘာဝ အသံသည် လည်းကောင်း၊ ရံခါ မကြားစဖူးသော ထိတ်လန့်ဖွယ် အသံများအဖြစ် ကြားရတတ်ကြောင်းကို တောတောင်၏ အတွေ့အကြုံအရ ယောဂီ တဖြည်းဖြည်း သိနားလည်လာပါသည်။

တစ်ဖန် တောတောင်၌ အရပ်မျက်နှာတို့၏ လှည့်စားမှုကို မခံရရန်မှာမူ နေ၏လမ်းကြောင်းကို သိရမည်။ လ၏လမ်းကြောင်းကို သိရမည်။ ဓူဝံကြယ်ကို သိထားရပေမည်။

သို့သော် ရံခါ မျက်စိလည်သောအခိုက် ဓူဝံကြယ်ကို ရှာမရဖြစ်နေပါက ဗျိုင်းတာရာကို သိရမည်။

ခုနစ်စင်ကြယ်ကို သိရမည်။ တစ်ဖန် လိပ်ကို သိရမည်။ သဘော်ကို သိရမည်။ တောင်ဘက် ကောင်းကင်မှ ကြယ်နဂါးကိုလည်း သိရမည်။ သရဝဏ်နက္ခတ်ကိုလည်း သိရမည်။ ဝိသာခါနက္ခတ်ကိုလည်း သိထားရမည်။

ဤမျှ သုတပြည့်စုံသော ယောဂီကို တောတောင်သည် ခြောက်လှန့်ရန် မတတ်နိုင်ကောင်းပေ။ သို့စေကာမူ အခြောက်အလှန့်များ ရှိနေသေးလျှင်မူကား မေတ္တာကမ္မဋ္ဌာန်းကိုသာ ပဓာန ကမ္မဋ္ဌာန်းပြုကာ လိုရာခရီးသို့ သွားရမည်ဟု သူတော်ကောင်းတို့၏ ထုံးတမ်းအဖြစ် ယောဂီ သိထားပေသည်။

## ကိလေသာ၏ လှည့်စားမှု

ကိလေသာ၏ အလှည့်အဖြားမခံရရန်မူကား ပဋိစ္စသမုပ္ပါဒ်ကို သိရမည်။ ခန္ဓာငါးပါးကို သိရမည်။ အာယတန(၁၂)ပါးကို သိရမည်။ သစ္စာလေးပါးကိုလည်း သိရမည်။

ဤမျှ သုတမယအပြင် ကလျာဏမိတ္တမည်သော ဆရာကောင်း၊ သမားကောင်း၏အရိပ်ကို ခိုလှုံမိသော ယောဂီသည် ကိလေသာ၏ လှည့်စားတတ်သော သဘောသဘာဝကို ဤခန္ဓာ၌ပင် ရှာ၍ တွေ့ကာ လမ်းမှန်ဆိုက်နိုင်ပေပြီ။

## သိစေချင်ပါသည်

ယောဂီသည် သပိတ်ကိုဆေးသည်။ ထို့နောက် သုတ်သည်။ ထို့နောက် နေပူလှန်းသည်။ သွားတိုက်သည်။ သပိတ်သိမ်းပြီးချိန်၌ လူတို့ ရောက်လာသည်။

ထိုလူတို့သည် သဒ္ဒါတရား အလွန် ထက်သန်ဟန်တူပေသည်။

မုန့်ထည့်ထားသော လေးထောင့်ပုံးကို ငွေလင်ပန်းပေါ်၌ တင်၍ထားသည်။

ပိုက်ဆံထုပ်ထားသော စက္ကူထုပ်ကို ကြေးဝါလင်ပန်းပေါ်၌ တင်၍ထားသည်။

စတုမဓုနှင့် ကြက်မောက်သီးကို စတီးလ်(သံ) လင်ပန်းပေါ်၌ တင်၍ထားသည်။

အလှူရှင်တို့သည် ထိုထိုလင်ပန်း သုံးစားထဲမှ လှူဖွယ်ပစ္စည်းကို အလှူခံပုဂ္ဂိုလ်၏ လက်ဝယ်အရောက် လှူဒါန်းရမှသာ ကျေနပ်မည့်ပုံ ပေါ်နေသည်။

ထိုထိုအလှူရှင်တို့ကို ကာလိက လေးပါးမျှကိုမူ သိစေချင်သည်။ ကပ္ပိယ ဝေါဟာရကိုလည်း သိစေချင်သည်။ ပဓာနအထူးအားဖြင့် သိစေချင်သည်မှာ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် နှစ်(၁၀၀) ကာလ၌ အရှင်မဟာယသ အမှူးပြုသည့် လဇ္ဇီ သူတော်ကောင်း ရဟန္တာအရှင်မြတ်များက ဒုတိယ သင်္ဂါယနာတင်တော်မူခဲ့သည့် အကြောင်းရင်းကိုပင် ဖြစ်ပါသည်။

မှတ်ချက်။ (ထိုအကြောင်းရင်းမှာ "ရဟန်းတော်များ ရွှေ-ငွေ အလှူခံခြင်း၊ ကိုင်တွယ်ခြင်း၊ သုံးစွဲခြင်း မပြုရ" ဟူသော သိက္ခာပုဒ်ကို ထိန်းသိမ်းရေး ဖြစ်ပါသည်။ **အယ်ဒီတာ ဆရာကြီးဦးလေးမြိုင်**)

## နိဂုံးကောက်နုတ်ချက်

ယောဂီသည် တောတောင်၏သုတန့်ချာ ခေါင်းပါးခဲ့လေသဖြင့် ခြောက်လှန့်လှည့်ဖြားမှုကို အစဉ် တစိုက်ခံခဲ့ရပါသည်။ ထို့ကြောင့် မိမိသည် လေ့လာ မှတ်သားမှုများစွာ လိုသေးသည်ဟု နားလည်ပါသည်။

တစ်ဖန် ယောဂီသည် ကမ္မဋ္ဌာန်းအားနည်း ညံ့ဖျင်းခဲ့လေသဖြင့် ကိလေသာမာယာ၏ လှည့်ဖြား နှိပ်စက်ခြင်းကို ခံခဲ့ရပါသည်။ ထို့ကြောင့် မိမိသည် ဘာဝနာအင်အား တိုးမြှင့်ကာ ဆည်းပူးနိုင်ရန် နည်းခံ မှတ်သား၍ ကြိုးစားရပေဦးမည်ဟု သိရှိလာပါသည်။

လူသားအများ ကိလေသာမာယာ၏ လှည့်ဖြားမှု
ကင်းဝေးနိုင်ပါစေ။

. . . . .

**ကျမ်းညွှန်း**

၁။ မဟာဝဂ္ဂ အဋ္ဌကထာ၊ နိဒါနကထာ၊

၂။ ပါစိတ်တျာဒိအဋ္ဌကထာ၊ ဘောဇနဝဂ္ဂ၊
သန္နိဓိကာရသိက္ခာပဒ၊

၃။ ဓမ္မပဒအဋ္ဌကထာ၊ သဟဿဝဂ္ဂ၊
သပ္ပဒါ သတ္ထေရ ဝတ္ထု၊

၄။ ဓမ္မပဒအဋ္ဌကထာ၊ အရဟန္တဝဂ္ဂ၊
အညတြက္ကုတ္တိ ဝတ္ထု။

လူ၏ ပဓာန ပင်မ တာဝန်ဝတ္တရားမှာ
ဘဝသံသရာမှ လွတ်မြောက်ရေးအတွက်
ဆောင်ရွက်ရန်မျှသာဖြစ်သည်။ အကယ်၍
တစ်စုံတစ်ဦးဦးက အခြားတာဝန်များလည်း
လူ၌ရှိပါသေးသည်ဟု ဆိုလာပါမူကား
ထိုတာဝန် ဝတ္တရားတို့သည် လူ၏ ပဓာန
တာဝန်မဟုတ်၊ သာမည တာဝန်မျှသာဖြစ်သည်။
လူ့ဘဝတန်ဖိုး လူ့ဘဝ၏ ပန်းတိုင်နှင့်
လူ့ဘဝ အဓိပ္ပါယ်ဟူသည် ထိုထိုပဓာန
တာဝန်တို့ကို ဆောင်ရွက်နေခြင်းမှအပ
အခြားဘာမျှမရှိပေ။

**အရှင်ခေမာနန္ဒ (ရန်ကင်းတောရ)၊ သပြေပင်**

Email : ven.khemananda.brahmana@gmail.com